အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
Women's League of Burma

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ စစ်အစိုးရ၏ အမျိုးသမီးစည်းရုံးလှုံ့ဆော်သူများအပေါ် ဆန့်ကျင်တိုက်ခိုက်သည့် တုံ့ပြန်မှု များအား လက်ခံခြင်းမရှိကြောင်း သဘောထား ထုတ်ပြန်ခြင်း**

**၂၀၀၇ခုနှစ် ဖေဖော်ဝါရီ လ ( ၁၉) ရက်**

၂၀၀၇ခုနှစ် ဖေဖေါ်ဝါရီလ ၁၅ရက်နေ့က စစ်အစိုးရ၏ သတင်းမီဒီယာများသည် ကရင်ပြည်နယ်အတွင်း အမျိုးသမီးများ ခံစားနေရသော မုဒိန်းကျင့်မှု၊ နှိပ်စက်ညှင်းပန်းမှုနှင့် အဓမ္မလုပ်အားပေးစေခိုင်းခံရမှု များကို အချက်အလက်ကောက်ယူ စုဆောင်း ထုတ်ပြန်လိုက်သည့် ကရင်အမျိုးသမီးအစည်းအရုံး (KWO) ၏ အစီရင်ခံစာသစ်ကို လူသိရှင်ကြား ဝေဖန်ရှုတ်ချခဲ့သည်။ မိမိတို့၏ အဖွဲ့ဝင်ဖြစ်သော ကရင်အမျိုးသမီး အစည်းအရုံးကို စစ်အစိုးရက "နိုင်ငံတကာအသိုင်းအဝိုင်းအား အထင်အမြင်မှားစေရန် ကြံစည်နေကြောင်း" စွပ်စွဲ လိုက်ပြီး "အဖျက်သမားများ" ဟု ခေါ်ဝေါ်သမုတ်ထားသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ တရားစီရင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးဆိုင်ရာ လူမှုကဏ္ဍ တိုင်း ကို စစ်အစိုးရက ဖျက်ဆီးပစ် နေသည်မှာ အများအသိပင်ဖြစ်ရာ ဤကဲ့သို့စွပ်စွဲဝံ့သော စစ်အစိုးရ၏ မျက်နှာ ပြောင်တိုက်မှုကို အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)အနေဖြင့် အံ့အားသင့်ရပါသည်။ စစ်အစိုးရသည် တိုင်းရင်းသားလူမျိုးစုများအပေါ် စစ်ဆင်တိုက်ခိုက်နေကာ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဘဝရှင်သန်မှုများကို ဖျက်ဆီးပစ်နေသည်နှင့် တပြိုင်နက် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက် ခြိမ်းခြောက်မှုများကိုလည်း အဆက်မပြတ် ပြုလုပ်လျက်ရှိသည်။

**"နှိပ်စက်ညှင်းပန်းမှု၊ မုဒိန်းကျင့်မှု၊ အတင်းအကျပ်လုပ်အားပေးစေခိုင်းမှုတွေကို ခံစားခဲ့ရတဲ့ အမျိုးသမီးတွေရဲ့ ဖြစ်ရပ်မှန်တွေကို ကျမတို့က ရိုးရိုးပဲ လက်ဆင့်ကမ်းလိုက်တာ ဖြစ်ပါတယ်။ စစ်အစိုးရရဲ့ တပ်ဖွဲ့ဝင်တွေက သူတို့ ဘဝတွေကို တစစီဖြစ်အောင် ဖျက်ဆီးခဲ့ကြတာပါ။ ကျမတို့က ဒီလိုရက်စက်မှုတွေ ရပ်သွားအောင် နိုင်ငံတကာအသိုင်းအဝိုင်းကနေ စစ်အစိုးရအပေါ် ဖိအားပေးဖို့ ရိုးရိုးသားသား သနားခံတာပါ။ ဒါဟာ လျှို့ဝှက်ကြံစည်မှုလား။" ဟု ကရင်အမျိုးသမီးအစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူး နော်စီဖိုးရာစိန်က ဆိုပါသည်။**

**စစ်အစိုးရ၏ စွပ်စွဲချက်တွင် ၂၀၀၂ခုနှစ်က ထုတ်ပြန်ခဲ့သော ရှမ်းအမျိုးသမီးများ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN) ၏ "မုဒိန်းကျင့်ခွင့်လိုင်စင်"အမည်ရှိ အစီရင်ခံစာကို "လုံးဝအခြေအမြစ်မရှိကြောင်း"နှင့် "ထွင်လုံးသက်သက်"သာ ဖြစ်ကြောင်း ထပ်လောင်း ဖေါ်ပြထားသည်။**

**တိုက်ဆိုင်စွာပင် စစ်အစိုးရက ထိုသို့ သတင်းမီဒီယာများ၌ ပုတ်ခတ်ပြင်းဆိုလိုက်သည့် တနေ့တည်းတွင်  ယခုလအစောပိုင်းက ကချင် ပြည်နယ် ပူတာအိုမြို့နယ်၌ ယင်းစစ်သားများက ကျောင်းသူလေးဦးကို အုပ်စုဖွဲ့မုဒိန်းကျင့်ခဲ့သော သတင်းထွက်ပေါ် လာသည်။ ဒေသခံ စစ်အရာရှိများက မိန်းကလေးများ၏ မိသားစုများကို မဖြစ်စလောက်သော လျော်ကြေးပေး၍ ယင်းတို့၏ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုကို ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။ စစ်အစိုးရအာဏာပိုင်များ၏ လုပ်ရပ်များသည် ၄င်းတို့၏ ခုခံကာကွယ်မှုများနှင့် ဆန့်ကျင်၍ လယ်ပြင်၌ ဆင်သွားသကဲ့သို့ ပီပြင်၍ နေပါသည်။**

**ယင်းဖေဖေါ်ဝါရီလ ၁၅ရက်နေ့က ထုတ်ပြန်ခဲ့သော သတင်းတွင်ပင်၊ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား 'တရားမဝင် ထိန်းသိမ်းထားမှုနှင့် ပတ်သက်၍ သူမသည် "ရာဇဝတ်မှုကျူးလွန် " သောကြောင့် ပြစ်ဒဏ်ကျ ခံနေရခြင်းသာ ဖြစ်ကြောင်း ထည့်သွင်း ပြောဆို သွားခဲ့သည်။**

**"ဒေါ်အောင်ဆန်းစုကြည်က ဘာပြစ်မှုကို ကျူးလွန်ခဲ့တာလဲ" ၊ "ဒီမိုကရေစီတောင်းဆိုတာကို ရာဇဝတ်မှုလို့ ခေါ်တာလား။ တကယ်တော့ ရာဇဝတ်သားအစစ်အမှန်တွေက စစ်အစိုးရပါ။ သူတို့သာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကို ခေးမြတိုက် လုယူသူတွေ ဖြစ်ပါတယ်။ ဒီလို ဟန်ဆောင်လှည့်ဖျားမှုအပြစ်တွေကနေ သူတို့ ဘယ်လိုများ လွတ်မြောက် နေကြတာလဲ။" ဟု အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူး နန်းယဉ်က မေးခွန်းထုတ်လိုက်ပါသည်။**

**ဆက်သွယ်ရန်**

နန်းယဉ်  (အထွေထွေအတွင်းရေးမှူး )  ဖုံးနံပါတ် ၆၆ ၈၉ ၈၅၈၄၆၆၈